# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၃၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၉ - ၁၀ - ၂၀၁၁ ]
# (ဗုဒ္ဓဟူးနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်း သွယ်တန်းတည်ဆောက်လျက်ရှိသော ၆၆ ကေဗွီ မဟာဓါတ်အားလိုင်း လျှပ်စစ်စီမံကိန်းတည်ဆောက်ပြီးစီးမှုအခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မတူပီမြို့တွင် V-sat စလောင်းစနစ်မှ Micro Auto Station Tower အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ဆက်သွယ်ရေးကြိုးဖုန်းရှိ (ID Caller) စနစ်အတွက် ပေးဆောင်ရသည့် နှစ်စဉ်ကြေး တူညီမှု မရှိခြင်းနှင့် ထိုစနစ်ကို လက်ကိုင်ဖုန်းများကဲ့သို့ အခမဲ့သုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **မြန်မာ ဆက်သွယ်ရေးလုပ်ငန်းမှ ကောက်ခံနေသော ရေဒီယိုအသံဖမ်းစက် လိုင်စင်၊ ရုပ်မြင်သံကြားဖမ်းစက်လိုင်စင်၊ ဗီဒီယိုပြစက် လိုင်စင်များ၏ အခွန်ငွေများကို ကောက်ခံနေသည့် ပုံစံစနစ် ပြောင်းလဲ၍လည်းကောင်း၊ လက်ရှိ ပေးဆောင် နေရသော နှုန်းထားများပြောင်းလဲ၍ လည်းကောင်း ကောက်ခံရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ကျောင်းပြောင်း လက်မှတ် နှစ်လွန်ကြေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဆောက်လုပ်ရေး ကန်ထရိုက်အသီးသီးတို့နှင့် ညှိနှိုင်းပြီး ဆောက်လုပ်ခဲ့သော ကျောင်းများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်း ကို အဆိုတင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံတော်တစ်ဝန်းရှိ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနများ ကွပ်ကဲမှုအောက်ရှိ မြို့နယ် ပညာရေးမှူးရုံးများတွင် လက်ရှိခွင့်ပြုထားသော ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုအင်အားသည် လုပ်ငန်းလုပ်ကိုင်လည်ပတ်ရန် မဖြစ်နိုင်သော အင်အား ဖြစ်နေပါ၍ ဌာန၌ ရှိပြီး ခွင့်ပြုဝန်ထမ်းအမျိုးအစားနှင့် အင်အားဘောင်အတွင်းမှပင် သင့်တင့်သော ဖွဲ့စည်းပုံဖြင့် ပြင်ဆင်ခွင့်ပြုပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ခ ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ဂ ) ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၆ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။